

ရှန်းရပီပိုး
ကာရံလွဲဗျူဟာမှသည် အချစ်လမ်းလွှဲဆီသို့

ကာရံလွဲဗျူဟာမှ သည် အချစ်လမ်းလွှဲဆီသို့

“ဝေါ…ဂျိမ်း…ဝေါ…ဝေါ”

မိုးကသည်းထန်စွာရွာနေသည် ။ ပတ်ဝန်းကျင်တစ်ခုလုံး ရေသီးရေပေါက်တွေနှင့် ပိန်းပိတ်မှောင်နေသည် ။ တစ်ချက် တစ်ချက် လျှပ်ပြက်ပုံကလည်း ကြောက်စရာကောင်းလှသည် ။ မိုးရဲ့ အငြိုးအောက်မှာ အေးချမ်းဘုံလို့ အမည်ရတဲ့ အဆောင်လေးတုတ်တုတ်မလှုပ်ရဲ။ အဆောင်ဝင်းထဲမှာ လည်း ခြေမျက်စိမြုပ်ရုံ ရေတွေဘောင်းလန်နေလေရဲ့ ။ ကိစ္စတော့မရှိ။ ထိုရေတွေက မိုးတိခနဲ တိတ်တာနဲ့ အကုန်မြောင်းထဲကျကုန်မှာ ။ ဒီနေ့က တနင်္ဂနွေပိတ်ရက်လည်း ဖြစ်၊ မိုးကလည်း မိုးလင်း ကတည်းက သည်းနေတာကြောင့် အဆောင်သူတွေအားလုံး တုပ်တုပ်မလှုပ်ဘဲအဆောင်ထဲမှာ ကွေးနေကြသည် ။

ထိုစဉ်မှာ ပဲ အဆောင်ခြံဝင်းထဲသို့ဆလွန်းကားတစ်စီးဝင် လာပြီး အဆောင်ရှေ့ကအဆောင်ပိုင် ရှင်အန်တီလှကြီးရဲ့ တစ်ထပ်တိုက်ပုလေးရှေ့မှာ ရပ်သွားသည် ။

ကားရှေ့ခန်းက ရုပ်ရည်သန့်ပြန့်သားနားသောအမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီး တစ်ဦးဆင်းလာသည် ။ ကားနောက်ခန်းက ကြည်ပြာရောင်ထီးကလေးတစ်လက်ဆင်းလာသည် ။ မဟုတ်သေး။ ကြည်ပြာရောင်ထီးနဲ့ ကောင်မလေးတစ်ယောက်။

“ဒီက အဆောင်ပိုင်ရှင် အစ်မကြီးလားရှင်”

တံခါးဖွင့်ပေးသော အန်တီလှကြီးကို အမျိုးသမီးကြီးက ရည်မွန်စွာ မေးသည်။

“ဟုတ်ကဲ့...အထဲကိုကြွပါ အစ်မ”

“သီတာရေ...ကော်ဖီပူပူလေး ဖျော်ခဲ့ပါဦးကွယ်”

ပြောရုံနှင့် ကော်ဖီပန်းကချက်ချင်းရောက်လာသည်။

“မိတ်ဆွေတစ်ယောက် ညွှန်လိုက်လို့ ပါခင်ဗျာ။ အစ်မကြီးအဆောင်က စည်းကမ်းသေဝပ်ပြီး ဂုဏ်သရေရှိအဆောင်ဆိုလို့ ကျွန်တော်တို့ သမီးလေးကို အဆောင်လာအပ်တာပါ”

“ဟုတ်ကဲ့...အေးချမ်းဘုံက အဆောင်သူတွေကို သမီးရင်းလိုထားတယ်၊ ဒါနဲ့ ကလေးအသက်က...”

“ဆယ့်ရှစ်နှစ်ပြည့်ပြီးပါပြီ၊ တက္ကသိုလ်ဒုတိယနှစ်တက်မှာ ပါ”

“ဒီမှာ ကတော့ အဝေးသင်ကျောင်းသူတွေရော၊ Day တွေရော၊ အလုပ်လုပ်နေတဲ့ သူတွေရော ရှိပါတယ်”

“ဟုတ်ကဲ့...ကျွန်တော်လည်း နယ်ဆေးရုံကိုတာဝန်ကျတော့ သမီးကိုအိမ်မှာ တစ်ယောက်တည်းမထားခဲ့ချင်ဘူး။ အမျိုးသမီးကလည်း နဂိုကတည်းက နယ်မှာ တာဝန်ကျနေတာ လေ၊ ဆွေမျိုးတွေအိမ်လည်း မနေချင်ဘူးဆိုတာနဲ့ အဆောင်ကောင်းကောင်း စုံစမ်းပြီး အစ်မကြီးဆီရောက်လာတာ။ ကျွန်တော်က ဒေါက်တာမောင်မောင်ပါ”

“ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်မတို့ အဆောင်စည်းကမ်းလေးတွေကို ကလေးကိုပြလိုက်ပါဦး မယ်”

ကြည်ပြာရောင်ဂါဝန်နဲ့ ကောင်မလေးက စည်းကမ်းစာအုပ်ကို ခပ်တွန့်တွန့်လှမ်းယူသည် ။ စည်းကမ်းစာရွက်မဟုတ်၊ စည်းကမ်းစာအုပ်နော်။

"ဒီမှာ နေရင် အဓိက,က အချိန်ကိုအတိအကျလိုက်နာရပါတယ်။ မနက်ဆိုခြောက်နာရီ အဆောင်ဖွင့်ပေးပါတယ်၊ ဒါပေမဲ့ ညနေ ဆိုရင်တော့ ညရှစ်နာရီထက်နောက်ကျလို့ မရပါဘူး။ အရေးတကြီးကိစ္စကြောင့် နောက်ကျမယ်ဆိုရင်ကြိုပြောရပါမယ်၊ ဖုန်းဆက်ရပါမယ်။ အဲဒီ အရေးကြီးကိစ္စကိုလည်း လက်ခံနိုင်လောက်မှ လက်ခံမှာ ပါ။ ပြီးရင် အဲဒီကိစ္စကို မိဘဆီအကြောင်းကြားပါမယ်၊ ကျန်တဲ့ ရှိသင့်ရှိထိုက်တဲ့ စည်းကမ်းတွေလည်း အဲဒီထဲမှာ ပါပါတယ်"

"ကောင်းပါတယ် အစ်မကြီး"

"ဒီကသမီးရော အဆင်ပြေရဲ့ လား"

"ဟုတ်...ပြေပါတယ်။ ဒါပေမဲ့ အဆောင်ကနှစ်ယောက်ခန်းတွေဆိုတော့ နှစ်ယောက်စာပြင် ပေးပြီး တစ်ယောက်တည်းနေချင်ပါတယ် အန်တီ"

"အဲဒီလိုမရဘူးကွယ့်၊ အန်တီက အဆောင်ကို ငွေကြေးအကျိုးအမြတ်အတွက် ဖွင့်တာ မဟုတ်ဘူး ။ နေရေးထိုင်ရေးအဆင်မပြေတဲ့ သူတွေကို ကူညီစောင့်ရှောက်ချင်လို့ ဖွင့်ထားတာ၊ အဲဒါကြောင့် အဆောင်မှာ ဆယ်ယောက်ထားနိုင်ရင် ဆယ်ယောက်၊ အယောက်နှစ်ဆယ်ထားနိုင်ရင်လည်း ထားမှာ ပဲ။ နှစ်ယောက်နေတော့ အဖော်လည်း ရတယ် သမီး"

"တကယ်ကောင်းတဲ့ ရည်ရွယ်ချက်ပါဗျာ။ ကဲ...သမီးအစ်မကြီးပြောသလို နှစ်ယောက်ပဲနေ"

တကယ့်စာအုပ်ကြီးရဲ့ အဆောင်ကို ရောက်ပြီထင်တယ်။ မိုးမောင် စိတ်တော့ကျဉ်းကျပ် ရသည် ။ ဒါပေမဲ့ မိုးမောင်ဆိုတော့ ဖေဖေ့ကိုတော့ချစ်လည်း ချစ်၊ ကြောက်လည်း ကြောက်ရတာမို့ ခေါင်းပဲညိတ်လိုက်ရသည် ။ အဆောင်ရှင်အန်တီကြီးကတော့ တည်ကြည်ပြတ်သားပုံပင်။

"သမီးနာမည်"

"မေမီးမိုးမောင်မောင်"

"နာမည်ကအလန်းလေးပဲ မ,ငါးလုံးနဲ့ "

မဆိုးဘူး။ အန်တီကြီးက ဘန်းစကားတွေသုံးသားပဲ။ သိပ်တော့ ရှေးမကျသေးပါဘူး။ ထို့နောက် မိုးလေးထဲမှာ ပဲအဆောင်ကို ကူးရသည် ။ ဖေဖေကတော့ အဆောင်ဧည့်ခန်းမှာ ပဲနေခဲ့ရဲပြီး မေမေကအခန်းထဲထိ လိုက်ပို့သည် ။

ဆယ်ပေပတ်လည်အခန်းမှာ တစ်ယောက်အိပ်ခုတင်နှစ်လုံး၊ စားပွဲကုလားထိုင်နှစ်စုံထားပေး ထားသည် ။ ခုတင်အောက်မှာ ဖိနပ်စင်ကလေးတစ်ခုစီပါသေးသည် ။ မဆိုးပါ။ သီးသီးသန့်သန့်နေလို့ ရတာပေါ့။

အိမ်သာရေချိုးခန်းကတော့ ဘုံသုံးရသည် ။ အိမ်သာခန်း၊ ရေချိုးခန်းကတော့ ရေကန်ကျယ်ကြီးနှစ်ခုကိုခပ်ချိုးရသော အခန်းကျယ်ကြီးဖြစ်သည် ။ ရန်ကုန်မြို့မှာ ခြံဝင်းကျယ်ကျယ် နဲ့ ဒီလိုမျိုးအဆောင်မျိုးရှိတာကောင်းပါသည် ။ ဘာပဲဖြစ်ဖြစ်မိုးမောင်သဘောတော့ကျသည် ။

ဟင်းချက်စားခွင့်မရှိ။ ထမင်းပေါက်အိုးနှင့် မီးပူတိုက်ဖို့ အတွက်သီးသန့်ခန်းထားပေးထားသည် ။

အဆောင်မှာ နေရာချပေးပြီးတာနှင့် ဖေဖေနဲ့ မေမေပြန်သွားပြီ။ အဆောင်တံခါးလေးပိတ်ပြီး မျက်ရည်တိတ်တိတ်ကျမိသည် ။ မိဘနဲ့ ပထ

မဆုံးအကြိမ် ခွဲနေဖူးတဲ့ မျက်ရည်ပေါ့။

*